# အာမနာကျောင်းအမ၏ ဆုတောင်းကဗျာမှ ဇော်ဂျီ၏အတွေးအမြင်

ဌေးဌေးရီ

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် အာမနာကျောင်းအမ၏ ဆုတောင်းကဗျာမှဇော်ဂျီ၏ အတွေးအမြင်ကို လေ့လာထားခြင်း ဖြစ်ပါသည်။ ဇော်ဂျီသည် အတွေးနက်၍ သတိကြီးသူ ဖြစ်ပါသည်။ ဤကဗျာတွင်ဇော်ဂျီ၏ ထူးခြားဆန်းသစ်သောအတွေးများနှင့် စာပေအယူအဆများကိုသိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် စာဖတ်သူများအနေဖြင့် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော အမူအရာတို့တွင်လည်း မွန်မြတ် ပြည့်စုံလာအောင်တင်ပြထားပါသည်။

**သော့ချက်စကားလုံးများ** – ဆုတောင်း၊ သတိ၊ အာမနာကျောင်းအမစိတ်အလှ၊ မေတ္တာတရား

## နိဒါန်း

ဇော်ဂျီသည်ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ စာတမ်းငယ်၊ ရသ ဒဿနနှင့် သမိုင်းဆိုင်ရာ ဆောင်းပါးများ စသည်ဖြင့် စာပေမျိုးစုံ ရေးသားခဲ့သူ ဖြစ်သည်။ ထိုစာပေများတွင် ဇော်ဂျီ၏ စာပေအယူအဆ၊ အတွေးအခေါ်များကို တွေ့နိုင်သည်။ အာမနာကျောင်းအမ၏ ဆုတောင်းကို လေ့လာကြည့်လျှင် အာမနာကျောင်းအမ၏ စိတ်သဘောထား၊ ခံယူချက် ဆင်ခြင်သတိရှိရန် လိုအပ်ပုံတို့ကို တွေ့ရှိနိုင်ပါသည်။ဤကဗျာတွင် ဇော်ဂျီ၏ အတွေ့အကြုံ၊ အတွေးအကြံ၊ ဆင်ခြင်သတိတို့ကိုအခြေခံပြီး ခံစားမှုအသိတို့ဖြင့် ရေးဖွဲ့တင်ပြထားပါသည်။ ထိုခံစားမှုအသိ တို့ကို ဖတ်ရှုဆင်ခြင်ခြင်းဖြင့် ဘဝအမြင်ကြည်လင်လာစေနိုင်မည် ဖြစ်ပါသည်။

## ၁။ ဇော်ဂျီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဇော်ဂျီသည်ဖျာပုံဇာတိဖြစ်၍အဖဦးယောနှင့် အမိဒေါ်စိန်ညွန့်တို့မှ၁၉၀၇ ခုနှစ်၊ ဧပြီလ ၁၂ရက်၊ သောကြာနေ့မှ ဖွားမြင်သည်။ အမည်ရင်းမှာ မောင်သိန်းဟန် ဖြစ်ပြီး သားချင်းကိုးယောက်အနက်အကြီးဆုံးသားဦးဖြစ်သည်။ ၁၉၂၄ ခုနှစ်တွင် မြို့မ အမျိုးသားတိုင်းရင်းသား အထက်တန်းကျောင်းမှ အောင်မြင်၍ ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သို့တက်ရောက် ပညာသင်သည်။ ၁၉၂၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၃၆ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဒဗ္ဗလင် တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ရခဲ့သည်။

ဆရာဇော်ဂျီသည် ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်၌ မြန်မာစာနည်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၃၁မှ ၁၉၃၄ ထိ မြို့မ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၃၆ မှ ၁၉၃၈ထိ မန္တလေးဥပစာ ကောလိပ်တွင် မြန်မာနည်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၄၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ်ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်က ချီးမြှင့်သောဝဏ္ဏကျော်ထင်ဘွဲ့ကို ၁၉၄၈ခုနှစ်တွင် လည်းကောင်း၊ သီရိပျံ့ချီဘွဲ့တံဆိပ်ကို ၁၉၆၁ ခုနှစ် တွင်လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် သခင်ကိုယ်တော်မှိုင်းဋီကာ စာအုပ်အတွက် စာပေဗိမာန် စာပဒေသာဆုကိုလည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် နင်လားဟဲ့ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်ရသစာပေ)

ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်

ကိုလည်းကောင်း၊၁၉၈၇ ခုနှစ်တွင် ရှေးခေတ်ပုဂံနှင့် အခြားကဗျာများ စာအုပ်ဖြင့် အမျိုးသားစာပေဆု (ကဗျာ) ကိုလည်းကောင်းရရှိခဲ့သည်။

ဆရာဇော်ဂျီသည် ၁၉၄၁ ခု အောက်တိုဘာလတွင် ဦးဆန်း၊ ဒေါ်နှင်းဇင် တို့၏သမီး ရန်ကုန်မြို့မအထက်တန်းပြဆရာမ ဒေါ်စောရင် ဘီအေ၊ ဘီအီးဒီ နှင့် လက်ထပ်သည်။ သမီးသုံးယောက်ထွန်းကားရာ ဒေါက်တာခင်မျိုးဟန် (ဆရာဝန်)၊ ဒေါက်တာခင်လှဟန် (သမိုင်းပါရဂူ)၊ ဒေါက်တာ ခင်အုန်းဟန် (ဆရာဝန်) တို့ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့ အသက် (၈၃)နှစ် အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။[၁]

## ၂။ အာမနာ ကျောင်းအမ၏ ဆုတောင်းကဗျာမှ ဇော်ဂျီ၏အတွေးအမြင်

ဆရာဇော်ဂျီသည် ပုဂံပြည်သူပြည်သားများထဲတွင် သဒ္ဓါထက်သန်သော အလှူရှင်များစွာထဲမှထူးခြားသော၊ သဒ္ဓါတရားထက်သန်သူ ဖြစ်သည့် အာမနာကျောင်းအမ၏ ဆုတောင်းကို ဖွဲ့ဆိုထားသည်။ ဤကဗျာတွင်အာမနာကျောင်းအမ၏ တရားသိသော၊တရားရှိသော သဘောကို တွေ့နိုင်သည်။ လူတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရာတွင် ချိုသာစွာ ပြောဆိုရန် လိုအပ်သကဲ့သို့ အတွင်းမနောစိတ်ထား ဖြူစင်သန့်ရှင်းရန်လည်း လိုအပ်သည်။ အာမနာကျောင်းအမ၏ စိတ်နေသဘောထားကို စာဆိုကလေးစားမြတ်နိုးသည်။ ထို့အတူစာဖတ်သူများကိုလည်း အာမနာကျောင်းအမ၏ စိတ်သဘောမြတ်ကိုအားကျလိုစိတ်၊ အတုယူလိုစိတ်ဖြစ်ပေါ်လာစေလိုသည့် စေတနာဖြင့်အစ်ကိုဖြစ်သူစာဆိုနှင့် ညီငယ်မောင်သစ်ဆင်းတို့ အပြန်အလှန်မေးဟန်ဖြေဟန်အဆိုအချေဖြင့် ဖန်တီးထားသည်။ အာမနာကျောင်းအမ၏ ကျောက်စာသည်ပုဂံမြို့မင်းနန်သူရွာအာမနာကျောင်းတိုက်အတွင်း၌ တည်ရှိသည်။ အာမနာ ကျောင်းအမသည် သိင်္ဃသူ့သမီးပင် ဖြစ်သည်။

သိင်္ဃသူ့သမီးကျောက်စာသည် သက္ကရာဇ် ၆၂၈ ခုနှစ်တွင် ရေးထိုးခဲ့ပြီး စာမျက်နှာ (၂) မျက်နှာ၌ ကြောင်းရေ ၁ မှ ၄၉ ထိ ရှိသည်။

သိင်္ဃသူ့သမီးကျောက်စာ ကရ ၁၀–၁၂ တွင် –

“ငါလေ ရံမက်ကြီသမရောင်ရယ်တတ်သော။ အမျက်ကြီသော သူတစ်ထူကိုဝ်
ညှန်ဆယ်တတ်သော ပြညာမဟိယ်သော မိုက်သော ဝန်တိုဝ်သော အပိယ် အကံ မဟိယ်သော။
သစ္စာမဟိယ်သော ပ္လက်တတ်သော။ မိယ်လျစ်သော ဩမိယ် တသ ကင်သော မ္လွစ်မူရယ်”[၂]

ဟူ၍ ရေးထိုးဆုတောင်းထားပါသည်။

ဤဆုတောင်းကို စာဆိုသည် နှစ်သက်မိသည်။ ထို့ကြောင့် ထိုဆုတောင်းကို မိမိကိုယ်တိုင်လည်း တောင်းချင်မိသည်။ ထိုဆုတောင်းသည် ဘုရားထံပါး ထိုင်ကာ တဂျီဂျီ ဆုတောင်း၍ ရမည်မဟုတ်ဘဲ ကိုယ်တိုင်ဖြည့်မှ ပြည့်မည့် ဆုတောင်းမျိုးဖြစ်ကြောင်းကို–

“ညီသစ်ဆင်း၊ မင်းနောက်တစ်ဖန်
ပုဂံတစ်လွှား၊ လှည့်လည်သွားစဉ်
ထူးခြားလှဘိ၊ ကိုယ်တိုင်ဖြည့်မှ
ပြည့်မည့်ဆုတောင်း၊ တောင်းပုံမျိုးကို”[၃]

ဖြည့်မှ ပြည့်နိုင်သော ဆုတောင်းစကားကို ညီကြားပါက ငါသိချင်သည်ဟု ဆိုပါသည်။ ထို့ပြင်–

---

[၁] ကျော်စိန်၊ ဒေါက်တာ၊ ၁၉၉၇၊ ဆရာဇော်ဂျီ ရုပ်ပုံလွှာ
[၂] ငြိမ်းမောင်၊ ဦး၊ ၁၉၈၃၊ ၂၉
[၃] ဇော်ဂျီ၊ ၂၀၁၂၊ ၃၃၉

"ဟိုရှေးစဉ်လာ၊ ရပ်ရွာစကား
မင်းကြားသေးလျှင်၊ ငါသိချင်သည်
ငါ့တွင် သတိရှိလို၍
ထိုဆုတောင်းမျိုး တောင်းလို၍"[၁]

ဟူ၍ ဆိုပြန်သည်။ စာဆိုက ညီဖြစ်သူ မောင်သစ်ဆင်းအား သတိရှိသော ဆုတောင်းမျိုး၊ ကိုယ်တိုင်ဖြည့်မှရသော ဆုတောင်းမျိုး တောင်းဆိုချင်ကြောင်း၊ ကျောင်းအမကြီး သတိရှိသလို ငါသည်လည်း သတိရှိချင်ကြောင်း ဖော်ပြသည်။ "ငါ့တွင်သတိရှိလို၍" ဟူသည့် စာဆို၏ စိတ်သဘောကို ကိုယ်စားပြု ဖွဲ့ပြခြင်း ဖြစ်ပါသည်။

ထို့ကြောင့်– ညီသစ်ဆင်းကဗျာနှင့် ရှေးခေတ်ပုဂံကဗျာအဖွင့်တွင်–

"ဇော်ဂျီ၏စာတွင်သတိချွတ်သော လက္ခဏာအစား သတိချပ်သော လက္ခဏာများကိုသာ တွေ့ရသည်။ထို့ကြောင့်ဇော်ဂျီ၏စာတို့သည်နက်လည်းနက်၍၊သေသပ်ကျစ်လျစ် လှပေသည်။"[၂] ဟု ဆိုထားပါသည်။ ထို့ပြင်–

ဇော်ဂျီသည် ထိုဆုတောင်းမျိုးကို တောင်းစရာလိုမည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် "သတိဆို ကိုယ်နှင့်မကွာဆိုသော စကားလိုပင် ဇော်ဂျီကိုယ်တိုင်က သတိကြီးသော ပုဂ္ဂိုလ် ဖြစ်သောကြောင့်ပင်"[၃] ဟု ဆိုထားပါသည်။

စာဆိုသည် မိမိနှစ်သက်သော အာမနာကျောင်းအမသည် အတူတကွ နေထိုင်သော မိတ်ဆွေသင်္ဂဟများနှင့် ဆက်ဆံရာတွင် ဆက်ဆံရေး ပြေပြစ်သူ၊ ခြေခြေငံငံ ဆက်ဆံတတ်သူ၊ စိတ်နှလုံးဖြူစင်သူ၊အများသူငါကိုလည်းသူကဲ့သို့ပင် ဖြူစင်စေ ချင်သူ ဖြစ်ကြောင်း၊ မင်းနန်းသူ ရွာသူ ရွာသားများက အာမနာကျောင်းအမ၏ မြင့်မြတ်သောစိတ်ထား၊ အတွင်းစိတ်သဘောကို ယနေ့တိုင် နှစ်နှစ်သက်သက် ပြောဆိုနေကြဆဲဖြစ်ကြောင်း–

"ကျောင်းအမသည်၊ တကွတူနေ
များမိတ်ဆွေနှင့်၊ ပြေပြစ်ချေင်
ဆက်ဆံတတ်သူ၊ သဘောဖြူဟု
သူကဲ့သို့ပင်၊ ဖြူစေချင်ဟု
ရပ်ခွင်ရွာသား၊ စကားစဉ်လာ
ကြားခဲ့ပါသည်။
အာမနာကျောင်းအမ သဘာဝ
ချီးကြ ကျူးကြခုတိုင်ပါ"[၄]

ဟူ၍ ဖော်ပြခဲ့သဖြင့် နှစ်သက်ဖွယ်၊ ကြည်နူးဖွယ်၊ ဝမ်းမြောက်ဖွယ် ဖြစ်စေသည်။

ကျောင်းအမသည်နရသီဟပတေ့မင်းကြီး၏ မိဖုရားဖြစ်ကြောင်း ထီးရိပ်နန်းရိပ်အောက်တွင် ကြီးပြင်းသည့် မင်းမယားဖြစ်သော်လည်း အမျက်ဒေါသကင်းသူဖြစ်ကြောင်း ကျောက်စာ ကရ ၈ တွင်–

---

[၁] ဇော်ဂျီ၊ ၂၀၁၂၊ ၃၃၉
[၂] ဟုန်ဝမ်၊ မောင်၊ ၂၀၀၆၊ ၁၀၇
[၃] ယင်း။
[၄] ဇော်ဂျီ၊ ၂၀၁၂၊ ၃၃၉

"အချင်ချင်အမျက်အဉ္ဇတစိယ်မဟိယ်ချတ်သမျက်စိယ်ဖွင်ရှုကြရစိယ်ဇအ်။"[၁]
ဟူ၍ဖော်ပြသည်။

စာဆိုသည် အလှျူရှင်ကျောင်းအမ၏ ထူးခြားသော ဆုတောင်းကို ခံစားမိသည်။ အာမနာကျောင်းအမသည် မိဖုရားတစ်ပါးဖြစ်သော်လည်း မာန်မာနမရှိ။ စိတ်နှလုံးအေးချမ်းစွာ နေလိုသည်။ သို့သော်နန်းတွင်းလောကရှိမိဖုရားမောင်းမများသည် အချင်းချင်းဂုဏ်တုဂုဏ်ပြိုင်ကြ သည်။မာနပြိုင်ကြသည်။ ဤကဲ့သို့ မပြည့် ဝသော စိတ်ထားများကို နေ့စဉ်မြင်တွေ့ရသော အာမနာကျောင်းအမသည် စိတ်မောမိသည်။

ဤအကြောင်းကို စာဆိုက ညီငယ်မောင်သစ်ဆင်းပြောပြဟန်ဖြင့်

"ကျောင်းအမသည်
နရသီဟပတေ့၊ ဘုန်းဟော့မင်းကြီး
ထီးရိပ်နန်းဖွား၊ မင်းမယားတည့်
သူထားခဲ့သည့်၊ ကျောက်စာအရှိ၌
မိဖုရားအစ၊ မောင်းမခပင်း
အချင်းချင်းတွင်၊ ခင်မင်ရွှင်ပြုံး
မမုန်းမအီ၊ ကြည်ဖြူရွှမ်းဘိ
ချစ်မျက်စိဖြင့်၊ ကြည့်ကြစေလို
တောင်းဆုဆိုသည်
ထိုမင်းမယား၊ စေတနာထား"[၂]

ဟူ၍ အာမနာကျောင်းအမ၏ မြင့်မြတ်သော စိတ်ထားကို လှစ်ဟပြခဲ့သည်။ အရာရာကို ချစ်သည့် မျက်စိနှင့် ကြည့်လျှင်ချစ်ပြီး မုန်းသည့် မျက်စိနှင့်ကြည့်လျှင် မုန်းတတ်သည့် သဘောကို ကျောင်းအမက ဆင်ခြင်မိသည်။ "မမုန်းမအီ၊ ကြည်ဖြူရွှမ်းဘိ၊ ချစ်မျက်စိဖြင့် ကြည့်ကြစေလို" ဟူသော အဖွဲ့သည် အာမနာ ကျောင်းအမ၏ ရင်တွင်းကို လှစ်ဟပြလိုက်ပြီး စာဖတ်သူ စိတ်ထဲ စွဲငြိစေနိုင်ပါသည်။

ထို့နောက်စာဆိုသည် နန်းတော်တွင်းရှိမိဖုရား၊ မောင်းမတို့၏ အမူအရာကိုသရုပ်ဖော် ပြသည်။ ပေါက္ကာရာမနန်းလောကတွင်ရှိကြသောပျိုအိုအလတ်မိဖုရား မောင်းမတို့သည် ဂုဏ်တု ဂုဏ်ပြိုင်အနိုင်ယူချင်ကြကြောင်း၊ အမျက်စောင်မာန်ထားတတ်ကြကြောင်း၊ သည်းမခံဘဲ မာန်မာန ထားတတ်ကြကြောင်း၊ ထိုအမူအရာတို့သည် အနိဋ္ဌာရုံ စိတ်မောစရာများ ဖြစ်ကြောင်း၊

ထို့ကြောင့် အလှူရှင်မှာ စိတ်မော လူမောဖြစ်ခဲ့ကြရကြောင်းကို –

"ပေါက္ကာရာမ၊ နန်းလောကဝယ်
တုပဂုဏ်ပြိုင်၊ အနိုင်ရသူ
နန်းသူထိုထို၊ ပျိုအအိုတို့
ငြိုးသို့မျက်စောင်း၊ တိုတောင်းငြင်းသန်
သည်းမခံဘဲ၊ မာန်တဃစ်ယစ်

---

[၁] ငြိမ်းမောင်၊ ဦး၊ ၁၉၈၃၊ ၂၉
[၂] ဇော်ဂျီ၊ ၂၀၁၂၊ ၃၄၀

စိတ်ညစ်စရာ၊ အနိဋ္ဌာကို

အာမနာ ကျောင်းအမ၊ မြင်ရုံရ။

တွေ့ရကြုံရ စိတ်မောရ။”[၁]

ဟုဖွဲ့သည်။

ထို့နောက်စာဆိုသည် ကျောင်းအမ၏စိတ်အလှကို ဖွဲ့ဆိုပြန်ပါသည်။ ကျောင်းအမသည် နန်းတွင်းအပူများ အောက်မှ ရုန်းထွက်ပြီး အေးချမ်းသည့် မေတ္တာတရားနှင့် အလှူဒါနပြုပုံကို တွေးမိပြန်ပါသည်။ ကျောင်းအမသည်သူ့ကျောင်းသို့ကြွလာသည့် သံဃာတော်များအား လှူဖွယ် ပစ္စည်းများပေးကမ်းပုံ၊မင်းနန်းသူရွာတွင် နေထိုင်သော ရွာသူရွာသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပုံ၊ ရွာတွင်ရေခမ်းလုနီးပါးဖြစ်နေသော လေးထောင့်ကန်ကို ရွာခံလူများနှင့် အတူ ပြုပြင်ခဲ့ပုံ တို့သည်ကျောင်းအမကြီး၏ မေတ္တာကြောင့်လည်းကောင်း၊ စေတနာတို့ကြောင့် လည်းကောင်း၊ မိမိစိတ်ဓာတ်ကို တဏှာလောဘမငြိရလေအောင်၊ အမျက်ဒေါသမရှိရလေအောင် အမြဲစောင့်ကြည့် နေတတ်သည့် သတိတရားကို အစဉ်အမြဲလက်ကိုင်ထား တတ်သောကြောင့် လည်းကောင်း ကျောင်းအမ၏ မျက်နှာသည် ငွေလမင်းပမာ ရွှင်ပြနေမည် ဖြစ်ကြောင်း စာဆိုက တွေးမိသည်။

ထို့ကြောင့်ကဗျာတွင်–

“မင်းနန်းသူတွင်၊ ညီခင်ကြားသမျှ

ကျောင်းအမသည်၊ သီလအတောင်း

သူ့ကျောင်းသာယာ၊ အာမနာသို့

ကြွလာမပြတ်၊ လှူဖွယ်ကပ်၏။

ရပ်ကုန်ရွာတန်း၊ သူပေးကမ်း၏။

ခန်းလုရေကျန်၊ လေးထောင့်ကန်ကို

ရွာခံအတူ၊ မေတ္တာယူ၍

သူလည်းပါဝင်၊ သူပြုပြင်၏

ရွှင်ပြမျက်နှာ၊ ချမ်းမြေ့စရာဟု

စဉ်လာပြောကြ၊ ကြားခဲ့ရ။

အာမနာကျောင်းအမ မေတ္တာလှ။”[၂]

ဟူ၍ ဖော်ပြသည်။

ထို့နောက်စာဆိုသည်ကျောင်းအမ၊ သဘာဝအလှ၊မေတ္တာအလှအဆိုသစ်ကို ကျောင်းအမ ရေးထိုးခဲ့သော ကျောက်စာအရှိနှင့်ညှိ၍ချေသည်။ သူ့ဆုတောင်းတွင်ရမ္မက်နည်းလို၊ အမျက်နည်း လိုကြောင်း ဆုတောင်းခဲ့သည်။ ထိုဆုတောင်းကို ပြည့်အောင်ဖြည့်နိုင်သူမှာ ကျောင်း အမကြီး ကိုယ်တိုင်၊ဖြည့်ရမည်သာဖြစ်သည်။ ကျောင်းအမကြီးသည်သူ့စိတ်ကိုသူအမြဲတမ်း စောင့်ကြည့် နေသူဟုဆိုသင့်သည်။ ထိုအခါ ကိုယ့်အာရုံနှင့်မတိုက်ဆိုင်တိုင်း လှစ်ခနဲ၊ လှစ်ခနဲပေါ်လာသော၊ ထကြွသောင်းကျန်းလာသောလောဘ၊ ဒေါသ (ဝါ) ရမ္မက်နှင့်အမျက်တို့ကို နှိမ်လိုက်တိုင်း အခြား

---

[၁] ဇော်ဂျီ၊ ၂၀၁၂၊ ၃၄၀

[၂] ဇော်ဂျီ၊ ၂၀၁၂၊ ၃၄၁

တစ်ဖက်ကလည်းတရားအသိ၊ တရားအရှိအင်အားကြောင့်ကာယကံရှင်၏ ကိုယ်ရေအဆင်းသည် ခါတိုင်းထက်ကြည်လင် လာမည်သာဖြစ်သည်။[၁] ထိုသဘောကို

"နောင့်ညီခင်
ရွှင်ပြမျက်နှာ၊ ဖြစ်နိုင်ပါ၏၊
ကျောက်စာအရ၊ သူ့ဒါနကြောင့်
ဒိဋ္ဌကျိုးဆက်၊ သူ့အတွက်မှာ
ရမ္မက်နည်းလို၊ မျက်နည်းလိုဟု
ဆိုခဲ့ချို့အေး၊ ဆုတောင်းသေး၏
ဆုပေးမည့်သူ၊ ပေးနိုင်သူသည်
သူသာစင်စစ်၊ သူပင်ဖြစ်ရာ
မလစ်သတိ၊ သူစောင့်ကြည့်လျက်
ဖိကာ၊ ဖြိုကာ၊ မျိုကာ သိပ်ကာ
သွားလာနေထိုင်၊ လုပ်ကိုင်မပျက်
လုံးလဖက်၍
ရမ္မက်ဟော့ရမ်း၊ ပျက်သော့သွမ်းကို
နွမ်းအောင်နှိမ်ရ နိုင်ဟန့်ပ့ါ။
မျက်နှာငွေလ စန်းငွေလု။"[၂]

ဆက်တိုက်ဖွဲ့ထားပါသည်။ ကျောင်းအမ၏ဆုတောင်းစကားသည် ကျောင်းအမသာမက စာဖတ်သူကိုပါ စိတ်နှလုံးအေးချမ်းကြည်ညိုနှစ်သက်မှုကို ပေးစွမ်းစေနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

အာမနာကျောင်းအမ၏ ဆုတောင်းကဗျာတွင် ဆရာဇော်ဂျီသည် မိမိယုံကြည်ချက်၊ အတွေးအခေါ်၊ အယူအဆ၊ ခံစားချက်တို့ကိုနက်ရှိုင်းစူးရှသော အမြင်ဖြင့် ခံစားရေးဖွဲ့ထားသည်။ စာဆိုသည် အာမနာကျောင်းအမ၏ အေးမြသော ပုံရိပ်ကို ခံစားမိပြီး လေးစားကြည်ညိုစိတ် ထင်မြင်အောင် ဖွဲ့ဆိုနိုင်သည်ကို တွေ့ရပါသည်။

## နိဂုံး

အာမနာကျောင်းအမ၏ ဆုတောင်းစကားများသည်ကျောင်းအမ၏ စိတ်စေတနာကောင်းပြီး ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့ပုံကို တွေ့နိုင်သည်။ ကျောင်းအမ၏ဆုတောင်းစကားများကြောင့် နှစ်သက်ကြည်နူးစိတ်ဖြစ်ပြီး စိတ်နှလုံးအေးချမ်းမှုကို ခံစားနိုင်ကြမည်ဖြစ်လေသည်။

[၁] ဟုန်ဝမ်၊ မောင်၊ ၂၀၀၆၊ ၁၁၁
[၂] ဇော်ဂျီ၊ ၂၀၁၂၊ ၃၄၁–၃၄၂

## ကျေးဇူးတင်လွှာ

ဤစာတမ်းဖြစ်မြောက်ရေးအတွက် ကူညီပေးပါသော မြန်မာစာဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာတင်တင်ဌွေ၊ ပါမောက္ခ ဒေါက်တာသက်အုန်းမြင့်နှင့် ဟသ်ာတတက္ကသိုလ် သုတေသနဂျာနယ် ဖြစ်မြောက်ရေးအဖွဲ့တို့ကို ကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း


ကျော်စိန်။ ဒေါက်တာ။ (၁၉၉၇)။ ဇော်ဋ္ဌီကာ။ ***ဆရာဇော်ဂျီရုပ်ပုံလွှာ***။ ရန်ကုန်။ စာပေဗိမာန်။

ငြိမ်းမောင်၊ ဦး၊ ၁၉၈၃၊ ***ရှေးဟောင်းမြန်မာကျောက်စာများ***၊ တတိယတွဲ၊ ရန်ကုန်။ ရှေးဟောင်းသုတေသနဦးစီးဌာန။

ဇော်ဂျီ။ (၂၀၁၂)။ ***ဇော်ဂျီကဗျာပေါင်းချုပ်***၊ ဒုကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

ဟုန်ဝမ်။ မောင်။ (၂၀၀၆)။ ***ညီသစ်ဆင်းကဗျာများနှင့်ရှေးခေတ်ပုဂံကဗျာများအဖွင့်***။ ရန်ကုန်။ ရူပံစာအုပ်တိုက်။